## " ငှ " ငှသံညင်းချိတ် (ငှသညခ) ဝိဇ္ဇာဓရခါတ်လတ်ဆေး

စံထွန်းငြိမ်း (ကျောက်မဲ)

မြန်မာစာဗျည်းများအနက် အသံ (၄)သံထွက်သည့် ထူးခြားပြီး အဖိုးတန်သော ဗျည်း(ငှ) ဖြစ်သည်။ မြန်မာ့တိုင်းရင်းဆေးပညာ၏ ဆေးဝါးများဟူရာ၌ သစ်ပင်တို့၏ အသီး၊ အပွင့်၊ အရွက်၊ အခေါက်၊ အမြစ်၊ ပင်စည် စသော ပဉ္စငါးပါးဖြင့် ဖော်စပ်သည် (ဓါတ်နုဆေးမျိုး)၊ စိန် - ဆေး -ကန့် - ဂက် - ဒုတ် - ဟင်း - လက် - ယမ်း - ဆား - ဇဝက်သာ စသော ဓါတ်တို့ဖြင့် ဖော်စပ်သည့် (ဓါတ်လတ်ဆေးမျိုး)၊ နာ - ဂျွတ် - သံ - ဘင် - ပြဒါးစင်၊ သွပ်လျှင် ဒန် - ဘော်- ရွှေ၊ ဟူသော ဓါတ်မကိုးပါးကို စားသုံး၍ရအောင် (သို့မဟုတ်) ပြာနုဖြစ်အောင် ပြုလုပ်၍ ဖော်စပ်သည့် (ဓါတ်မဆေးမျိုး)အားဖြင့် ဆေး(၃)မျိုးစလုံးပါဝင်လျက်ရှိသည်။ ထိုဆေး(၃)မျိုး တို့တွင် ရောဂါကို ပယ်ရာ၌ ဓါတ်နုဆေးမျိုးထက် ဓါတ်လတ်ဆေးမျိုးကသာ၍ စွမ်းဆောင်နိုင်သည်။ ဓါတ်လတ်ဆေး မျိုးထက် ဓါတ်မဆေးမျိုးက ပို၍ စွမ်းဆောင်နိုင်သည်။

သို့ဖြစ်၍ ဓါတ်လတ်ဆေးမျိုးတွင် ပါဝင်သော ခေါင်းစဉ်ပါ (ငှ)အမည်ရ ဓါ တ်လတ်ဆေး မျိုး ကို မိမိလေ့လာထားရှိမှုအပေါ် စာတမ်းပြုစု တင်ပြခြင်းဖြစ်ပါသည်။